http://www.dhammadownload.com



ဓမ္မဒူတ

ဒေါက်တာအရှင်ဆေကိန္ဒ

# လိုရာခရီးရောက်ဖို့

http://www.dhammadownload.com

ဓမ္မဒူတ

# ဒေါက်တာအရှင်ဆေကိန္ဒ

## လိုရာခရီးရောက်ဖို့

လူမျိုးမရွေး ဘာသာမရွေး လိုရာခရီးရောက်ချင်ရင်
ချက်ချင်းရောက်အောင် သွားရင်သွား
ချက်ချင်းမရောက်ရင် ဖြည်းဖြည်းချင်းသွားပါ။
အဲဒီလို သွားနေတာပင်လျှင် ရောက်အောင် လုပ်နေတာ။



http://www.dhammadownload.com

## ဒို့တာဝန်အရေး (၃) ပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.dhammadownload.com

အလင်းသစ်စာစဉ် - (၅၇)

# လိုရာခရီးရောက်ဖို့

## ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

http://www.dhammadownload.com

## ပုံနှိပ်မှတ်တမ်း


၂၀၁၀ ခုနှစ်၊ ဇူလိုင်လ၊ အလင်းသစ်စာပေ (ပထမအကြိမ်)

အုပ်ရေ - ၁၀၀၀၀

တန်ဖိုး - ၆၀၀ ကျပ်

သာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာနမှ မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၀၅ ဖြင့် ကာလာဓနပုံနှိပ်တိုက်၊ အမှတ်(၁၈၄)၊ ၃၁ လမ်း၊ ရန်ကုန်မြို့၌ ရိုက်နှိပ်ခွင့်ပြုသည်။

မျက်နှာဖုံးဖလင် - Eagle၊ မျက်နှာဖုံးနှင့်အတွင်းပန်းချီသရုပ်ဖော် - ပန်းချီ ကိုကျော်သိုက်၊ အတွင်းဖလင် - အောင်ဇော်(ပုံရိပ်ရှင်)၊ ကွန်ပျူတာစာစီ - အလင်းသစ်၊ စာအုပ်ချုပ် - မျိုးမျိုးစာအုပ်ချုပ်လုပ်ငန်း တို့တွင် ပြုလုပ်ဆောင်ရွက်သည်။

အလင်းသစ်စာပေ

အခန်း(၄၀၄)၊ တိုက်(၆)၊ ညောင်တန်းအိမ်ရာ၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၀၄၀၉၇၊ ၂၀၄၀၉၈ လိုင်းခွဲ - ၂၅၄ က ထုတ်လုပ်ဖြန့်ချိသည်။

http://www.ahlinthitbooks.com

http://www.dhammadownload.com

# မာတိကာ


၁။ တစ်သိန်းမှာ တစ်ယောက် ..... ၇

၂။ လိုရာခရီးရောက်ဖို့ အလုပ်နှစ်မျိုး ..... ၁၃

၃။ ပါရမီဖြည့်တယ်ဆိုတာ ... ..... ၂၃

၄။ ဒါနဆိုတာ .... ..... ၂၉

၅။ ကရုဏာဆိုတာ ... ..... ၃၅

၆။ ပါရမီဖြစ်အောင် လုပ်ရမယ် ..... ၄၃

၇။ အားကိုးထိုက်အောင် လုပ်ရမယ် ..... ၄၇

၈။ ကိုယ်ကိုယ်တိုင် ပါရမီရှင် ..... ၅၃

http://www.dhammadownload.com

"လူမျိုးမရွေး ဘာသာမရွေး ပြောရရင်

လိုရာခရီး ရောက်ချင်ရင်

နှစ်မျိုး လုပ်ရပါမယ်။

အဲဒီ နှစ်မျိုးကတော့ -

(၁) ချက်ချင်းရောက်အောင်

သွားရင်သွား


(၂) ချက်ချင်း မရောက်ရင်

ဖြည်းဖြည်းချင်းသွားပါ"

http://www.dhammadownload.com

# တစ်သိန်းမှာ တစ်ယောက်

http://www.dhammadownload.com



http://www.dhammadownload.com

# တစ်သိန်းမှာ တစ်ယောက်

လောကမှာ လူတစ်သိန်းရှိတယ် ဆိုကြပါစို့။

စုဝေးပြီးသော လူတစ်သိန်းမှာ သုံးပုံပုံ နှစ်ပုံက ရုပ်လှတာကို သဘောကျတယ်။ ရုပ်ကြည့်ကောင်းတာကို သဘောကျပါတယ်။

လူတစ်သိန်းရှိတယ်ဆို ငါးပုံလေးပုံက နာမည်ကြီးတာ၊ အသံကောင်းတာကို သဘောကျပါတယ်။

လူတစ်သိန်းမှာ ဆယ်ပုံပုံ ကိုးပုံက စားဝတ်နေရေး ခေါင်းခေါင်းပါးပါး ခြိုးခြိုးခြံခြံ ကျင့်တာကို သဘောကျပါတယ်။

လူတစ်သိန်း ရှိမယ်ဆိုရင် တစ်ဦးတစ်ယောက်သာ –

သီလ၊

သမာဓိ၊

ပညာ တရားအစစ်ကို သဘောကျတာ၊ ကွာခြားလှပါတယ်။

အလင်းသစ်တာပေ

http://www.dhammadownload.com



ရုပ်အဆင်းတင့်တယ် သပ္ပာယ်တဲ့ဂုဏ်နဲ့ ဘုန်းတော်ကြီး မြတ်စွာဘုရားမှာ ပြည့်စုံပါတယ်။ ပိုတောင် ပိုနေသေးတယ် ပြောရမယ်။

ဘယ်သူနဲ့မှလဲ မတူနိုင်ပါ။

စကြဝဠာတစ်သောင်းလုံး နာမည်ကြီး၊ အသံကောင်းတာလည်း ဘယ်သူနဲ့မှ နှိုင်းလို့ မရပါဘူး။

ဘုန်းတော်ကြီး မြတ်စွာဘုရားမှာ ဘုန်းကံကြီးမားလို့ လာဘ်လာဘတွေ ပေါများပေမယ့် –

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး စားဝတ်နေရေးကို ခေါင်းပါးစွာ ကျင့်ကြံခဲ့ပါတယ်။

ဒါလည်း ဂုဏ်တစ်မျိုး ဖြစ်ပါတယ်။

ဘယ်သူမှ တုနှိုင်းလို့ မရအောင် ကျင့်ပါတယ်။

သီလရှိတယ်၊

သမာဓိရှိတယ်၊

ပညာရှိတယ်၊ ဒီတရားတွေက ဘုန်းတော်ကြီးမြတ်စွာဘုရားမှာ တုနှိုင်းမရအောင် ရှိတော်မူပါတယ်။

တကယ်ပြောရင် အဲဒီသုံးမျိုးက တရားအစစ် ဖြစ်ပါတယ်။

အဲဒီ တရားအစစ်ကိုတော့ လူတိုင်း မကြည်ညိုနိုင်ပါဘူး။

http://www.dhammadownload.com



လူတစ်သိန်းမှာ သုံးပုံပုံ နှစ်ပုံဆိုရင် ၆၆,၆၆၆ ယောက် ရှိပါတယ်။

အဲဒီ ၆၆,၆၆၆ ယောက်က ရုပ်ရည်အဆင်း သပ္ပာယ်တာကို ကြည်ညိုကြပါတယ်။

၅ ပုံ ၄ ပုံ ဆိုရင် လူ ၈၀,၀၀၀ ရှိပါတယ်။

လူ ၈၀,၀၀၀ က အသံကောင်းတာနဲ့ နာမည်ကြီးတာကို ကြည်ညိုကြပါတယ်။

ဆယ်ပုံပုံ ကိုးပုံဆိုရင် ၉၀,၀၀၀ ရှိပါတယ်။

လူ ကိုးသောင်းကတော့ ပစ္စည်းလေးပါး ခေါင်းပါးစွာ ကျင့်တာကို ကြည်ညိုကြပါမယ်။

များသောအားဖြင့်ကတော့ ခေါင်းခေါင်းပါးပါး ကျင့်တာကို ကြည်ညိုကြပါတယ်။ အစားအသောက် အနေအထိုင် ခြိုးခြံချွေတာ ဆင်းရဲခံတာကို ပိုကြည်ညိုကြပါတယ်။

သီလ၊ သမာဓိ၊ ပညာ တည်းဟူသော တရားအစစ်ကျတော့ တစ်သိန်းမှာမှ တစ်ယောက်လောက်သာ ကြည်ညိုတာပါ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ အစစ်ကျတော့ တစ်သိန်းမှာ တစ်ယောက်ပဲ ကြည်ညိုပါတယ်။

လူ ငါးသောင်းဆိုရင် တရားအစစ်ကို ဘယ်နှယောက်

http://www.dhammadownload.com



ကြည်ညိုမှုလဲဆိုရင် လူတစ်ယောက်တောင် အပြည့် မဟုတ်တော့ဘဲ တစ်ဝက်လောက်ပဲ ကြည်ညိုပါတော့မယ်။

ဒီသဘောတရားလေးကို နားလည်စေချင်တာပါ။

❑

http://www.dhammadownload.com

# လိုရာခရီးရောက်ဖို့ အလုပ်နှစ်မျိုး

http://www.dhammadownload.com



http://www.dhammadownload.com

# လိုရာခရီးရောက်ဖို့ အလုပ်နှစ်မျိုး

ကျေးဇူးတော်ရှင် သာသနာပိုင် ဝါဆို ဆရာတော်ကြီးရဲ့ အဆိုအမိန့်ကို တရားလက်ဆောင်ပေးလိုပါတယ်။ အသစ်ထပ်မံပြီး ကျက်စရာမလိုပါဘူး။ ဆရာတော်၊ သံဃာတော်တွေ အမြဲရပြီးသား တချို့ လူပုဂ္ဂိုလ်တွေလည်း ရပြီးသား ဖြစ်ပါမယ်။

ဝါဆို ဆရာတော်ကြီးရဲ့ အဆိုအမိန့်က –

'ဘုရားခိုင်းထားတာ နှစ်လုပ်ပဲ ရှိတယ်။ အဲဒီ နှစ်လုပ်ပဲ လုပ်ပါ။ သုံးလုပ်၊ လေးလုပ်၊ ငါးလုပ် လုပ်နေရင် ရှုပ်ကုန်လိမ့်မယ်။ နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေအတွက် နှစ်မျိုးလုပ်ရပါ့မယ်' တဲ့။

ဗုဒ္ဓဘာသာဝင်တွေမို့လို့ နိဗ္ဗာန်ရောက်ချင်တဲ့ဆန္ဒ ရှိတာပါ။ တကယ်တမ်းကျတော့ ဒီတရားတော်မြတ်ကြီးက ဗုဒ္ဓဘာသာဝင်တွေ တင် မကဘူး၊ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့ အခြား ဘာသာဝင်များ

http://www.dhammadownload.com



အတွက်လည်း တန်ဖိုးကြီးပါတယ်။

လိုရာခရီး ရောက်ဖို့လည်း နစ်မျိုးပဲ လုပ်ရပါမယ်။

လူတိုင်း လူတိုင်း ခရီးသွားကြရပါတယ်။

လမ်းပကတိ လျှောက်တဲ့ခရီး ရှိသလို လုပ်ငန်းလုပ်တဲ့ ခရီးလည်း ရှိပါတယ်။ ရောင်းရေးဝယ်တာခရီးလည်း ရှိပါတယ်။ ပေါင်းရေးသင်းရေးခရီးလည်း ရှိပါတယ်။

ဗုဒ္ဓဘာသာဝင်မှ မဟုတ်ပါဘူး။

ဘယ်သူပဲ ဖြစ်ဖြစ် လိုရာခရီးရောက်ဖို့ နစ်မျိုးပဲ လုပ်ရပါမယ်။

နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေ အတွက်လည်း နစ်မျိုးပဲ လုပ်ရပါမယ်။ ကျေးဇူးတော်ရှင် ဝါဆို ဆရာတော်ကြီးက အမိန့်ရှိပါတယ်။

အေး ... သာသနာပြုတာဝန်တွေ ဆောင်ရွက်နေတယ်။

ဟိုလုပ်၊ ဒီလုပ်နဲ့ စိတ်ရှုပ်စရာတွေ ကြုံနေရရင် ဒါကို အမြဲနလုံးသွင်းပါ။ တစ်နေ့တစ်ခါ ရွတ်ပါ။

လူတွေလည်း လိုရာခရီးကိုသွားဖို့ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး စသည်ဖြင့် အရေးအရာတွေကို ဆောင်ရွက်တဲ့အခါမှာ တစ်ခါတလေ စိတ်ပျက်လက်ပျက်၊ စိတ်အခန့်မသင့်တာတွေ ကြုံတွေ

http://www.dhammadownload.com



ရလေ့ရှိမှာ ဖြစ်ပါတယ်။

အဲဒီအခါမှာ ဒီတရားလေးကို နှလုံးသွင်းလိုက်ပါ။ တအား ကျေးဇူးကြီးလွန်းလို့ ပြောတာပါ။

နှလုံးသွင်းရမယ့် တရားကတော့ နိဗ္ဗာန်ရောက်ချင်ရင် နှစ်မျိုးပဲ လုပ်စရာ ရှိပါတယ်။

အဲဒီ နှစ်မျိုးကတော့ ....

(၁) အခု ရဟန္တာ ဖြစ်အောင်လုပ်၊

(၂) ရဟန္တာ မဖြစ်သေးရင် ပါရမီဖြည့်ပါ။

ဗုဒ္ဓဘာသာဝင်တွေအတွက် ရဟန္တာ ဆိုတာလည်း သိတယ်။ ပါရမီ ဆိုတာလည်း သိပြီး ဖြစ်တယ်။

အခြား ဘာသာဝင်တွေအတွက် ရဟန္တာတို့၊ ပါရမီတို့ ဆိုတာ မသိရင်တောင်မှ လိုရာခရီးရောက်ချင်ရင် နှစ်မျိုးပဲ လုပ်ရမယ်ဆိုတာကို စိတ်ဝင်စားရင် စိတ်ဝင်စားပါမယ်။

လူမျိုးမရွေး၊ ဘာသာမရွေး ပြောရရင် လိုရာခရီးရောက်ချင်ရင် နှစ်မျိုးလုပ်ရပါ့မယ်။

အဲဒီ နှစ်မျိုးက –

(၁) ချက်ချင်း ရောက်အောင် သွားရင်သွား၊

(၂) ချက်ချင်း မရောက်ရင် ဖြည်းဖြည်းချင်းသွားပါ။

http://www.dhammadownload.com



ပညာတတ် ဖြစ်ချင်ရင်လည်း နှစ်မျိုး လုပ်ရပါမယ်။

အဲဒီ နှစ်မျိုးက –

(၁) ခုချက်ချင်း ပညာတတ် ဖြစ်ရင် ဖြစ်၊

(၂) မဖြစ်ရင် ဖြည်းဖြည်းပဲ ပညာသင်ပါ။

လိုရာခရီးရောက်ဖို့က ချက်ချင်းရောက်အောင် သွားရင်သွားပါ။ ချက်ချင်း မသွားရင် ဖြည်းဖြည်းသွားပါ။ အဲဒီကျတော့ ဖြည်းဖြည်းသွားဆိုတဲ့ စကားလုံးက ပါရမီဖြည့်တာ မဟုတ်ဘူးလား။

ချက်ချင်းရောက်အောင် သွားရင်သွား၊ ချက်ချင်းသွားလို့ မရောက်သေးရင် အဲဒီ ဖြည်းဖြည်း ဖြည်းဖြည်း သွားနေတာပင်လျှင် ရောက်အောင်လုပ်နေတာ ဖြစ်ပါတယ်။

သူဌေးဖြစ်ချင်ရင် ချက်ချင်း ဖြစ်ရင်ဖြစ်၊ မဖြစ်သေးရင် သူဌေးဖြစ်အောင် လုပ်နေရမယ်။ ပညာတတ် ချက်ချင်း ဖြစ်ရင်ဖြစ်၊ မဖြစ်သေးရင် ပညာတတ်မယ့်အလုပ်မျိုး ဖြည်းဖြည်း ဖြည်းဖြည်း လုပ်ပေးရပါမယ်။

ပါရမီ ဆိုတာကတော့ အခြားဟာ မထင်ပါနဲ့။

ဟောဒီ စေတနာလေး၊ ဟောဒီ စွဲဆော်မှုလေး၊ ဟောဒီ စိတ်ဓာတ်လေးက ဦးဆောင်ပြီး ကိုယ်အလိုရှိအပ်၊ တောင့်တအပ်တဲ့ ဟိုမှာ ဘက်ကမ်းကိုရောက်အောင် သွားနေတာပါ။

http://www.dhammadownload.com



အဲဒါကို ပါရမီလို့ ခေါ်ပါတယ်။

ဆရာဝန်တစ်ယောက်အတွက် ဆရာဝန်ဖြစ်အောင် စာသင်နေတာ ပါရမီ ဖြစ်ပါတယ်။

အင်ဂျင်နီယာတစ်ယောက်အတွက် အင်ဂျင်နီယာဖြစ်အောင် စာသင်နေတာ ပါရမီ ဖြစ်ပါတယ်။

သူဌေးဖြစ်လိုတဲ့ လူတစ်ယောက်အတွက် သူဌေးဖြစ်အောင် စီးပွားရှာနေတာ ပါရမီ ဖြစ်ပါတယ်။ စိတ်စေတနာကောင်းလေးက ဦးဆောင်ပြီး တခြားစိတ်ဓာတ်ကောင်းတွေရှိနေလို့ ပါရမီ ဖြစ်တယ်လို့ ပြောတာပါ။

ဒါက ပါရမီအဓိပ္ပာယ် နားလည်အောင် ရှင်းပြတာပါ။

ဒါပေမယ့် ဒါတွေကို ပါရမီလို့ မခေါ်နိုင်သေးပါ။

ပါရမီ ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ပါရမီ၊ အရိယာအပေါင်း သူတော်ကောင်းတွေရဲ့ ပါရမီ၊ အဂ္ဂသာဝက, မဟာသာဝက, ပစ္စေကဗုဒ္ဓါ, ပကတိသာဝကတွေရဲ့ ပါရမီကျတော့ နိဗ္ဗာန်ရောက်အောင်သွားတာ ဖြစ်ပါတယ်။

လိုရာခရီးက နိဗ္ဗာန် ဖြစ်နေတာကိုး။ နိဗ္ဗာန်ရောက်အောင် သွားဖို့ နိဗ္ဗာန်ရောက်မယ့် အလုပ်တွေ လုပ်နေတာကိုက ပါရမီပါပဲ။

အဲဒီ သဘောတရားကို သဘောပေါက်ရင် ဆရာဝန်ဖြစ်ချင်

http://www.dhammadownload.com



တဲ့ ပုဂ္ဂိုလ်ကလည်း ချက်ချင်း ဆရာဝန်ဖြစ်အောင် လုပ်ပါ။

ချက်ချင်း မလုပ်နိုင်ရင် ဖြည်းဖြည်းချင်း ဖြစ်အောင်လုပ်ပါ။

ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ရပါမယ်။

ကိုယ်ရောက်ချင်တဲ့အရပ်ကို ရောက်အောင် သွားရပါမယ်။

ဒီခရီးကို ရောက်ချင်ရင် ဒီခရီးကို သွားပါ။

ရောက်တာ မရောက်တာက သူ့အပိုင်း၊ သွားရမှာက ကိုယ့်အပိုင်းပါ။

မိဘများအနေနဲ့ သားသမီးများကို သူတို့တွေအပေါ်မှာ အားမလို အားမရ ဖြစ်လာတဲ့အခါ များများဆုံးမရန် မလိုပါ။ ဆူစရာလည်း မလိုပါ။

ဒီသဘောတရားလေးကို သဘောပေါက်အောင်ပြောရင် နားလည်ပါလိမ့်မယ်။

ကိုယ့်အလုပ် ကိုယ်လုပ်ရင်းနဲ့ သူတို့တစ်တွေ 'ကိုယ်ဖြစ်ချင်တာတွေ ဖြစ်လာတယ်' ဆိုတာ သိပါလိမ့်မယ်။

အဲဒီ ကိုယ့်အလုပ် ကိုယ်လုပ် ဆိုတာဟာ နိဗ္ဗာန်ရောက်မယ့်အလုပ်ဆိုရင် ပါရမီဖြည့်တယ် ခေါ်ပါတယ်။

အခြား စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ပညာရေးဆိုရင် နေ့စဉ် နေ့တိုင်း လုပ်နေတဲ့ အလုပ်တွေဟာ နိဗ္ဗာန်ရောက်အောင်

http://www.dhammadownload.com



ပါရမီဖြည့်သကဲ့သို့ ကိုယ်လိုချင်တဲ့ နေရာရောက်အောင် သွားနေတယ် ခေါ်ပါတယ်။

အခု သွားလို့ ရောက်ရင်ရောက်၊ မရောက်ရင် ကိုယ်နိုင်သလောက် လျှောက်ရင်းနဲ့ ရောက်သွားလိမ့်မယ်။

ပါရမီဆိုတာ မြင့်မြတ်တဲ့ သူတို့ရဲ့ အကျင့်၊ စိတ်ထားကို ပါရမီလို့ ခေါ်ပါတယ်။

ဘုန်းတော်ကြီး မြတ်စွာဘုရားကို အာရုံပြု ကြည့်လိုက်တော့ ဒီမှာဘက်ကမ်း အားလုံး သေရတာကနေ ဘယ်သူမှ မသေရတဲ့ ဟိုမှာဘက်ကမ်း နိဗ္ဗာန်ကို ကူးသွားတဲ့အတွက် ပါရမီပြည့်သွားတယ်လို့ ခေါ်ပါတယ်။

ကြီးကျယ်မြင့်မြတ်သော ကရုဏာ ရှိပေထသော လူ့နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့၏ အားကိုးရာသခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အလုံးစုံသော ပါရမီ၊ ပါရမီ ဆယ်ပါး၊ အပြားသုံးဆယ်တို့ကို ဖြည့်တော်မူတဲ့ အတွက်ကြောင့် ပြည့်ခဲ့တဲ့အတွက်ကြောင့် ပြည့်ပြီး၍ ထူးမြတ်မွန်မြတ်လှစွာသော အရဟတ္တမဂ် သဗ္ဗညုတ ဉာဏ်တော်ကို ရောက်ခဲ့လေပြီ။

ဘုန်းတော်ကြီး မြတ်စွာဘုရား လိုရာခရီးရောက်သွားတယ်

http://www.dhammadownload.com



ဆိုတာ လေးသချော်နဲ့ ကမ္ဘာတစ်သိန်း တဖြည်းဖြည်းချင်း လျှောက်ခဲ့ရပါတယ်။

လျှောက်ရလွန်းလို့ ဘုရားရှင် အဖြစ်တည်းဟူသော လိုရာခရီးရောက်ရတာပါ။


ပါရမီဖြည့်စဉ်ကာလ ရရှိလာတဲ့ အသိဉာဏ်တွေနဲ့ ဆိုင်ရာဆိုင်ရာ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့ရပါတယ်။ ဒီ သဘောကို နားလည်စေချင်လို့ ကျေးဇူးတော်ရှင် သာသနာပိုင် ဆရာတော်ကြီးမိန့်တဲ့ ဩဝါဒကို တရားလက်ဆောင်ပေးတာ ဖြစ်ပါတယ်။

❑

http://www.dhammadownload.com

# ပါရမီဖြည့်တယ်ဆိုတာ···

http://www.dhammadownload.com



http://www.dhammadownload.com

# ပါရမီဖြည့်တယ်ဆိုတာ•••

ပါရမီဖြည့်တယ်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ မေးရင်။

ကိုယ်ကြုံနေရသမျှတွေအပေါ်မှာ ကိုယ့်ရဲ့ စိတ်ကောင်းကလေး ထားတတ်ရင် ပါရမီဖြည့်တယ်။

ခင်ပွန်းသည် ယောက်ျား၊ အိမ်သူသက်ထား ဇနီးမယား သားသမီး၊ ဆွေမျိုးသားချင်းတွေအတွက် ကြီးပွားရေး၊ စီးပွားရေး၊ လူမှုရေး၊ လောကအရေးတွေ ကြုံတွေ့ကြရပါတယ်။

အဲဒီ ကြုံတာတွေ အားလုံးကို စိတ်ကောင်းလေး ထားလိုက်ပါ။ စိတ်ကောင်းလေး ထားလိုက်ရင် ပါရမီ ဖြစ်ပါပြီ။

ပါရမီ ဆိုတာ သီးခြား မဟုတ်ပါ။

သို့သော် သူ့ဟာသူ အလိုလို မပြည့်ပါ။

<u>စိတ်ကောင်းတွေထားပြီး ပြုပြောကြံစည်ရင် ပါရမီဖြည့်တယ်</u>

http://www.dhammadownload.com



ခေါ်ပါတယ်။

စိတ်ကောင်းထားနိုင်ရင် ပါရမီ ပြည့်တယ်။

စိတ်ကောင်း မထားနိုင်ရင် ပါရမီ မပြည့်ပါ။

စိတ်ကောင်းဆိုတာ ဗုဒ္ဓဘာသာဝင်တွေသာ ထားလို့ရတာ မဟုတ်ပါ။

လူမျိုးမရွေး၊ ဘာသာမရွေး အားလုံး စိတ်ကောင်းထားလို့ ရပါတယ်။

တကယ်ပြောရင် စိတ်ကောင်းထားရင် ပါရမီဖြည့်လို့ ပါရမီပြည့်ပါတယ်။ စိတ်ကောင်းထားရင် ကြီးကျယ်မြင့်မြတ်တဲ့လူ ဖြစ်လာပါတယ်။

မိမိ မိသားစုထဲမှာတင် လေ့လာကြည့်ရှုနိုင်ပါတယ်။

ဘယ် မိသားစုဝင်က ကြီးပွားသွားသလဲ၊ ဘယ်သူက မြင့်မြတ်တဲ့ ပုဂ္ဂိုလ်လဲ။

သားမို့လို့ အထင်မသေးနဲ့၊ သားကို မိဘတွေက လေးစားရတာ တစ်ပုံကြီးပါ။

သမီးမို့လို့ အထင်မသေးပါနဲ့၊ သမီးကို မိဘတွေက လေးစားရတာတွေ တစ်ပုံကြီး အများကြီးပါ။

မိဘကို သားသမီးက လေးစားတယ်။ သားသမီးကို မိဘက

http://www.dhammadownload.com



လေးစားတယ်။

ဘာလို့ လေးစားတာလဲ ဆိုရင် သူက ကြီးကျယ်မြင့်မြတ်တဲ့ သူမို့လို့ပါ။

ဘာလို့ ကြီးကျယ်မြင့်မြတ်တာလဲ ဆိုရင် သူတော်ကောင်း စိတ်ဓာတ်နဲ့ ကြီးကျယ်မြင့်မြတ်နေလို့ပါပဲ။

ဘုန်းတော်ကြီး မြတ်စွာဘုရား ပါရမီဖြည့်တာကိုပဲ ပြောကြပါစို့။ အဲဒါကို ကိုယ့်အိမ်မှာ ကိုယ်လုပ်နေတာနဲ့ ပြန်ယှဉ်ကြည့်လို့ ရပါတယ်။

တစ်အိမ်လုံးမှာ စိတ်ကောင်းလေးမွေးတဲ့ ပုဂ္ဂိုလ်ရှိရင် –

အဲဒီ ပုဂ္ဂိုလ် ကြီးကျယ်မြင့်မြတ်လာမယ်။

မိဘဆိုရင် ကိုယ် မွေးထားတဲ့ ကိုယ့်သားသမီးတွေကို ကြည့် ရင် သိနိုင်ပါတယ်။

ဘယ်သူ စိတ်ကောင်းထားလို့ ကြီးကျယ်မြင့်မြတ်လာသလဲ ဆိုတာ မြင်တွေ့နိုင်ပါတယ်။

ဒါမှ မဟုတ်ရင် မိမိ ညီအစ်ကို မောင်နှမတွေကို ကြည့်နိုင် ပါတယ်။ အခု အသက် ၃၀၊ ၄၀၊ ၅၀၊ ၆၀ ရှိပြီး ငယ်ငယ်တုန်းက သူလိုကိုယ်လို နေခဲ့တဲ့ ညီအစ်ကို မောင်နှမတွေထဲမှာ ဘယ်သူ ကြီးကျယ်မြင့်မြတ်လို့ အဆင့်အတန်းမြင့်မြင့် နေနိုင်သလဲ၊ လောကမှာ

http://www.dhammadownload.com



ဒါတွေ ကြည့်ရင် ကိုယ် ဘာတွေ ကျင့်ရမလဲဆိုတာ သိလာနိုင်ပါတယ်။

သဗ္ဗညုတဉာဏ်၊ အရဟတ္တမဂ်ဉာဏ်ကိုရရင် ရောက်ရင် ဘာလို့ ရရတာ၊ ရောက်ရတာလဲဆိုရင် ပါရမီဖြည့်ခဲ့လို့ ဖြစ်ပါတယ်။

ဒါကြောင့် ပါရမီ ၁၀ ပါးထဲက ဒါန အကြောင်းကို ပြောချင်ပါတယ်။

❑

http://www.dhammadownload.com

# ဒါနဆိုတာ ...

http://www.dhammadownload.com



http://www.dhammadownload.com

# ဒါနဆိုတာ ...

ဒါနဆိုတာ ပေးကမ်းစွန့်ကြဲတာပါ။

ဟို ... ကလေးငယ်ငယ် ဆော့ကစားတဲ့အရွယ်ကတည်းက ကိုယ့်အရုပ်ကို သူများ ယူသွားရင် ငိုခြင်း၊ လုခြင်းမရှိဘူး။ ပေးလိုက်နိုင်ပါတယ်။ အဲသလို ပေးနိုင်တာမျိုးကို စိတ်ကောင်းရှိတယ်လို့ခေါ်ပါတယ်။

သူများ အရုပ်ကို လုတယ်၊ ဝှက်တယ်၊ ယူတယ်ဆိုရင် အဲဒါ စိတ်ကောင်း မရှိတော့ပါဘူး။

ကိုယ့်အရုပ်ကို တခြားသူက ယူသွားတာကို ပြန်လုတယ်၊ မပေးချင်ဘူး၊ ငိုတယ်ဆိုရင် စိတ်ကောင်းက အားနည်းသွားပြီ။

ကလေးတွေကို သုံးမျိုး ခွဲကြည့်ပါမယ်။

အဲဒီ သုံးမျိုးကတော့-

http://www.dhammadownload.com



(၁) သူများအရုပ်ကို လုတဲ့ကလေး ရှိတယ်။

(၂) ကိုယ့်အရုပ် လုသွားတာကို ပြန်လုတဲ့ကလေး ရှိတယ်။

(၃) ကိုယ့်အရုပ် လုသွားတာကို မငိုတဲ့ကလေး ရှိတယ်။

ဒီ ၃ မျိုးထဲမှာ ဘယ်ကလေးဟာ အကောင်းဆုံးလဲ။ နံပါတ် ၃ ကလေးဟာ စိတ်ကောင်းရှိလို့ အကောင်းဆုံး ဖြစ်ပါတယ်။

မိမိ ဘယ်ဘဝနဲ့ နေခဲ့တယ်၊ ဖြတ်သန်းခဲ့တယ်ဆိုတာ ပြန်လည် သုံးသပ်ကြည့်နိုင်ပါတယ်။ မိမိ ညီအစ်ကို မောင်နှမတွေထဲမှာ ကြည့်လို့ရတယ်။ ကိုယ့်မိဘ၊ ဦးတွေ၊ အဒေါ်တွေ၊ အဘိုးတွေ၊ အဘွား တွေကို ကြည့်လို့ရပါတယ်။ လူတိုင်း လူတိုင်း မျက်စိဖွင့်ပြီးတော့ ကြည့်လိုက်စမ်းပါ။

ငယ်တဲ့သူက ငယ်တဲ့သူအလျောက် သုံးမျိုးကွဲပြန်တယ်။ ကိုယ်နဲ့ အရွယ်တူတွေကရော အရွယ်တူအလျောက် သုံးမျိုးကွဲပြန်ပါ တယ်။ ကိုယ့်ထက်ကြီးတဲ့ သူတွေလည်း ကြီးတဲ့သူအလျောက် သုံးမျိုး ကွဲပြန်တယ်။

သူများပစ္စည်း အရုပ်တွေကို အတင်းလိုက်ပြီး ယူတယ်။ ကိုယ့်အရုပ် သူများ ယူသွားရင် ပြန်ပြီး လုတယ်။ ကိုယ့်အရုပ် ယူချင် တဲ့သူ ယူသွား ပြုံးပြုံးလေး နေနိုင်တယ်။

ဘယ်ဟာကို ပိုသဘောကျလဲ ဆိုရင် ကိုယ့်အရုပ် သူများ

http://www.dhammadownload.com



ယူသွားရင် ပြုံးပြုံးလေး နေနိုင်တာကို သဘောကျပါတယ်။

ဒါပေမယ့် ကိုယ် ဘယ်လို ကျင့်ခဲ့သလဲ၊ ကိုယ့်ကိုယ်ကိုယ် ပြန်သဘောပေါက်အောင် ပြန်ဆန်းစစ်ရင် –

သူများအရုပ် အတင်းလိုက်လုတာရယ်၊

သူများ ယူသွားရင် ပြန်လုတာရယ်နဲ့ပဲ နေခဲ့ပါတယ်။

ဟိုး ... ငယ်ငယ် တစ်တန်း၊ နှစ်တန်း၊ သုံးတန်း၊ လေးတန်း အရွယ်မှစ တက္ကသိုလ်အရွယ်၊ ဟော ...စီးပွားရှာတဲ့ အဖေ၊ အမေ၊ အဘိုး၊ အဘွားတွေအရွယ်။ လောကကို ကြည့်လိုက်ရင် ဘယ်အရွယ် ပဲဖြစ်ဖြစ် သူ့အရွယ်နဲ့သူ အထက်မှာ ဖော်ပြခဲ့တဲ့ သုံးမျိုးသာရှိပါတယ်။

ပါရမီရှင်ဆိုတာ ၁ လား၊ ၂ လား၊ ၃ လား။

သူများ ပစ္စည်း လုတာရယ်၊

ကိုယ့်ပစ္စည်း ပြန်လုတာရယ်။

ကိုယ့်ပစ္စည်းပေးလိုက်ရလို့ ပျော်တာရယ်၊

ဘယ်ဟာက ပါရမီရှင် ဖြစ်ပါလဲ။

သုံးက ပါရမီရှင်ဆိုရင် သူများပစ္စည်းလုတဲ့သူကို ဓားပြလို့ ခေါ်ပါမယ်။

ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမ္မပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ အစရှိသည့် ပါရမီ ၁၀ ပါးအနက် ဒါနပါရမီကို

http://www.dhammadownload.com



ကြည့်ရင် –

နံပါတ်တစ်ပုဂ္ဂိုလ် မဖြစ်နိုင်ပါလေ။

နံပါတ်နှစ်ပုဂ္ဂိုလ် မဖြစ်နိုင်ပါပေ။

နံပါတ်သုံး ပုဂ္ဂိုလ်ကမှ ဖြစ်နိုင်တယ်။

သူများယူလို့ ပေးလိုက်ရတာကို ပေးတယ်။ ဒါတင်မက ကိုယ်ကိုယ်တိုင်က ပေးချင်လို့ ပေးတယ်။ ပေးတာကလည်း နှစ်မျိုး ရှိပြန်ပါသေးတယ်။

အဲဒါ ဘယ်ဟာက အရင်းခံတာလဲ ကြည့်ရင် စိတ်ကောင်းက အရင်းခံတာဖြစ်ပါတယ်။

ဘယ်စိတ်ကောင်းလဲ လို့မေးတော့ ကရုဏာပါ။

ဘုန်းတော်ကြီး မြတ်စွာဘုရား ပါရမီဖြည့်တာ ဘယ်သူနဲ့ ဖြည့်ရတာလဲ ဆိုရင် ကရုဏာနဲ့ ဖြည့်ရတာပါ။ လှူတာ အသိဉာဏ် နဲ့လည်း လှူလို့ရတာပဲ။ မေတ္တာနဲ့လည်း၊ မုဒိတာနဲ့လည်း၊ ဥပေက္ခာ နဲ့လည်း လှူလို့ရတာပါပဲလို့ ဆိုနိုင်ပေမယ့် အသိဉာဏ်က ဦးဆောင်ပြီး လှူလိုက်တာဟာ ပညာပါရမီ ဖြစ်ပါတယ်။ ဒါကြောင့် ပါရမီဆယ်ပါး အပြားသုံးဆယ်မှာ သနားစိတ်နဲ့ လှူရင်တော့ ကရုဏာက အရင်းခံပါ တယ်။

❑

http://www.dhammadownload.com

ကရုဏာဆိုတာ...

http://www.dhammadownload.com



http://www.dhammadownload.com

## ကရုဏာဆိုတာ...

(1)
လှူတာနဲ့ ပတ်သက်ပြီး သူများပစ္စည်း လှူတဲ့သူရယ်၊

(2) ကိုယ့်ပစ္စည်း ပြန်လှူတဲ့သူရယ်၊

(3) ကိုယ့်ပစ္စည်းကို ပေးလိုက်တဲ့သူရယ်၊

ဘယ်သူက ကရုဏာရှိလဲဆိုရင် ပေးလိုက်တဲ့ နံပါတ်သုံးက ကရုဏာ ရှိပါတယ်။

ဒါနပါရမီ ဖြည့်ဆည်းတဲ့အခါမှာ၊ ဒါနပါရမီတွေ ပြုနေတဲ့ အခါမှာ ကရုဏာ မရှိရင် ဒါနပါရမီ မဖြစ်ပါ။

ကရုဏာဆိုတာ သနားတာကို ခေါ်ပါတယ်။

သူတော်ကောင်းတွေရဲ့ စိတ်နှလုံးကိုပဲ ကရုဏာတွေက ကိုင်လှုပ်ပါတယ်။

ကရုဏာရှိရင် သူတော်ကောင်းတွေရဲ့ စိတ်တွေက

http://www.dhammadownload.com



လှုပ်နေတော့တာပါပဲ။

နှလုံးသားတွေက လှုပ်နေတော့တာပါ။

ကိုယ်ကတော့ ထမင်းချိုင့်ကြီးနဲ့ စားနေပေမယ့် ဟိုမှာ ထမင်းတစ်လုတ်တောင် မစားရတဲ့သူရှိတယ်။

သူ့မကျွေးဘဲနဲ့ ကိုယ် စားရက်နိုင်ပါ့မလား။

အို ... သူတော်ကောင်းအပေါင်းတို့။

ဆင်းရဲနွမ်းပါးနေတဲ့၊

အဆင်မပြေတဲ့သူတွေကို ကြည့်ပြီးတော့ -

နှလုံးသားတုန်လှုပ်နေတာကို ကရုဏာ လို့ခေါ်တယ်။

အဲဒီ ကရုဏာက သူတော်ကောင်းတွေရဲ့ စိတ်နှလုံးကို တုန်လှုပ်စေတယ်။

အဲဒီ ကရုဏာက သူတော်ကောင်းတွေရဲ့ စိတ်နှလုံးကို တွန်းလှုပ်လိုက်တော့ သူတော်ကောင်းတွေက ဘယ်လိုမှ မနေနိုင်တော့ပါ။

ကိုယ့်ပစ္စည်းတွေ သူများကို ပေးတယ်။

ဘယ်သူ့ကို ပေးတာလဲလို့ မေးရင် သတ္တဝါတိုင်းကို ပေးတယ်၊ ဘယ်လိုအကျိုးငှာလဲလို့ မေးရင် သတ္တဝါများစွာတို့၏ အကျိုးစီးပွား အလို့ငှာ ပေးခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



မိမိမှတစ်ပါး အခြား သတ္တဝါအားလုံးအတွက် မိမိ အနစ်နာခံသမျှဟာ သူတို့ အကျိုးစီးပွားဖြစ်မယ်ဆိုရင် အနစ်နာခံရပါမယ်။

လိုရာခရီးရောက်ဖို့ –

ပညာရေးဆိုရင် ကိုယ့်ပညာ ကိုယ်ရှာရမယ်။

စီးပွားရေး ဆိုရင်လည်း ကိုယ့်စီးပွား ကိုယ်ရှာရမယ်။

စသည်အားဖြင့် လောကီရေးတွေကို ရအောင် ရှာနေတဲ့ ပုဂ္ဂိုလ်တွေလည်း လိုရာခရီးဆီ ရောက်တာပါပဲ။

အခုချက်ချင်း ကျင့်တာလည်း ရပါတယ်။

တဖြည်းဖြည်းချင်း ကျင့်သွားလို့လည်း ရပါတယ်။

ဒါကိုပဲ အဲဒီ နှစ်မျိုးကျင့်ပါ။

ချက်ချင်း ရောက်ရင်ရောက်၊

မရောက်ရင် –

ဖြည်းဖြည်းသွားတာကို ပါရမီလို့ ပြောပါတယ်။

ဒါက ဥပမာ အနေနဲ့ သဘောပေါက်အောင် ပြောတာပါ။ တကယ်တမ်းကျတော့ ပါရမီ မဖြစ်နိုင်ပါ။

ဒါနပါရမီ ဖြစ်ဖို့ရာ အတွက်ကတော့ ပညာလည်း လိုပါတယ်၊ ကရုဏာလည်း လိုပါတယ်။

ဒါတင်မက ပါရမီဆိုတာ လောကသဘောနဲ့ ကြည့်ရင်

http://www.dhammadownload.com



ကိုယ့်အတွက် မဟုတ်ဘဲ အများအတွက် ဖြစ်ရပါမယ်။

တကယ်တမ်းကျတော့ အများအတွက်ရတဲ့ အကျိုးစီးပွား ထက် မိမိအတွက် ပြန်ပြီး ရလာနိုင်တဲ့ အကျိုးစီးပွားက အဆများစွာ သာလွန်လှပါတယ်။

ဘုန်းတော်ကြီး မြတ်စွာဘုရား လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တယ်ဆိုတာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအတွက် ဘာဆို ဘာမှ မရှိပါဘူး။

ဘဝတိုင်း ဘဝတိုင်း ပါရမီဖြည့်လာခဲ့တာပါ။

ငါ ဘာလေး စားချင်တယ်ဆိုတာ မရှိပါဘူး။

သူများ ဘာလေး စားချင်သလဲ ဆိုတာပဲ ကြည့်တာပါ။

ငါ ဘာလေး ဝတ်ချင်တယ်ဆိုတာ မကြည့်ပါဘူး။

သူများ ဘာလေး ဝတ်စေချင်သလဲ ဆိုတာပဲ ကြည့်တာပါ။

ငါ ဘယ်လို နေမယ် ဆိုတာ မကြည့်ပါဘူး။

သူများ ဘယ်လို နေရအောင် ထားပေးမလဲဆိုတာ ကြည့်တာ ပါ။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သာမက –

လူမျိုးမရွေး၊ ဘာသာမရွေး ကရုဏာမရှိဘူးလား၊ ကရုဏာ မထားနိုင်ဘူးလား ဆိုတော့ ကရုဏာထားနိုင်ရပါမယ်။

http://www.dhammadownload.com



လူ့အထက်တန်းကျကျ၊

မျက်နှာပန်းလှလှ၊

အဆင့်အတန်းမြင့်ဖို့၊

အားလုံးက လေးစားဖို့ ဆိုရင် -

ကရုဏာ ရှိရပါမယ်။

ဘုန်းတော်ကြီး မြတ်စွာဘုရား ပါရမီဖြည့်ဆည်းတုန်းက အဖြူ၊ အမည်း မခွဲပါဘူး။

လူမျိုးမရွေး၊ ဘာသာမရွေးအားလုံးအပေါ် ကရုဏာထားပြီး ကူညီခဲ့တာပါ။

ကလေး၊ လူကြီးလည်း မရွေးခဲ့ပါဘူး။

လောကမှာ ဘုရားတစ်ဆူပွင့်ဖို့ဆိုတာ အလွန့်အလွန် ခဲယဉ်းပါတယ်။

ဖြည့်ဆည်းခဲ့ရတဲ့ ပါရမီတွေကလည်း ဆယ်ပါး၊ အပြား သုံးဆယ်၊ အလွန်ပဲ များပြားလှပါတယ်။

ဒါနပါရမီ တစ်ခုတည်းကိုကြည့်ရင် ထုတ်လှူခဲ့ရတဲ့ မျက်လုံးတော်တွေက ကောင်းကင်မှာရှိတဲ့ ကြယ်တာရာ နက္ခတ်တွေထက် များပါတယ်။

ထုတ်လှူခဲ့ရတဲ့ အသွေးတော်တွေက သမုဒ္ဒရာ လေးစင်းက

http://www.dhammadownload.com



ရေတွေထက် များပါတယ်။

လျှုခဲ့ရတဲ့ အသားတော်တွေက မဟာပထဝီ မြေကြီးထုထက် များပါတယ်။

အဲသလောက် ... အဲသလောက် ဘယ်သူ့ကို လှူခဲ့တာလဲ၊ ရွေးပြီး လှူခဲ့တာ တစ်ခုမှ မရှိပါဘူး။


❑

အလင်းသစ်စာပေ

http://www.dhammadownload.com

# ပါရမီဖြစ်အောင် လုပ်ရမယ်

http://www.dhammadownload.com



http://www.dhammadownload.com

# ပါရမီဖြစ်အောင် လုပ်ရမယ်

ကိုယ်တိုင် ပါရမီဖြည့်မယ် ဆိုပါစို့။

ကိုယ်က ကရုဏာရှိလို့ သတ္တဝါတွေ အားလုံးအတွက် ပါရမီဖြည့်မယ်၊ ဆောင်ရွက်မယ်ဆိုရင် ကရုဏာရှိရုံနဲ့တင် မရပြန်ပါဘူး။

ဘာလေး ရှိရဦးမလဲဆိုရင် သူများကလည်း ကိုယ့်ကို အားကိုးဖို့ လိုပါသေးတယ်။ ကိုယ့်မှာ ဘာမှ မရှိဘဲနဲ့ ဟော့ ... ငါ ပါရမီဖြည့်မယ် လာကြဟေ့ ဆိုရုံနဲ့ မဖြစ်သေးပါ။ ပစ္စည်းလည်း မရှိ၊ ဥစ္စာလည်းမရှိ၊ ပညာလည်း မရှိဘဲနဲ့ အများရဲ့ အားကိုးထိုက်တဲ့ပုဂ္ဂိုလ် မဖြစ်ပါဘူး။

ပါရမီဖြည့်တဲ့ပုဂ္ဂိုလ်မျိုး ဆိုတာ ကိုယ့်မှာလည်း ရှိသင့်တဲ့ အရည်အချင်းတွေ ရှိရပါမယ်၊ သူများ အားကိုးအောင်လည်း နေနိုင်ရမယ်။ နိဗ္ဗာန်ရောက်ဖို့ (၂) နည်းပဲ ရှိပါတယ်။ ဒီအရည်အချင်းတွေနဲ့ပဲ ရဟန္တာဖြစ်အောင် လုပ်ရင်လုပ်၊ မလုပ်နိုင်ရင် ပါရမီဖြည့်ရမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ပါရမီဖြည့်ဖို့ – (၁) ကရုဏာရှိရမယ်။ (၂) သူများ အားကိုးစရာ ဖြစ်ရမယ်။ (၃) ကိုယ့်အတွက်မပါ အများအတွက် လုပ်ရမယ်။

မိဘတွေ နိဗ္ဗာန်ရောက်ချင်ရင် ရောက်အောင်ချက်ချင်းလုပ်။ မလုပ်နိုင်ရင် ပါရမီဖြည့်၊ ဘယ်သူ့အပေါ်မှာ ပါရမီဖြည့်ရမလဲဆိုရင် ရှေးဦးစွာ သားသမီးတွေအပေါ် ပါရမီဖြည့်ရပါမယ်။

ကျေးဇူးတော်ရှင် သာသနာတော်ပိုင် ဆရာတော်ကြီး မိန့်လိုက်တာကတော့ – ရဟန္တာ ချက်ချင်းဖြစ်မယ့် အလုပ်ကိုလုပ်။ မဖြစ်သေးရင် ကျန်တဲ့ လုပ်သမျှ အလုပ်ဟာ ပါရမီဖြစ်အောင်လုပ်ပါ။ ဘာကလေးပဲ လုပ်လုပ် ပါရမီဖြစ်ဖို့၊ ဘာကလေးပဲ ပြောပြော ပါရမီ ဖြစ်ဖို့၊ ဘာကလေးပဲ စိတ်ကူးစိတ်ကူး ပါရမီဖြစ်ဖို့ လိုပါတယ်။

ချက်ချင်း ရဟန္တာဖြစ်အောင် ကျင့်နိုင်ရင်ကျင့်။ ဖြစ်တာ၊ မဖြစ်တာ ကိုယ်နဲ့ မသက်ဆိုင်ပါ။ သွားရင်းလာရင်း၊ နေရင်ထိုင်ရင်း၊ ပြောရင်းဆိုရင်း ပါရမီဖြစ်အောင် လုပ်ရပါမယ်။ ကရုဏာလေးထားရပါမယ်။ သူများ အားကိုးနိုင်အောင် နေရပါမယ်။ ပညာဦးဆောင်တဲ့ စိတ်ကောင်းရှိရပါမယ်။ ဒါမှလည်း တခြားအရည်အချင်းတွေပါ ပြည့်စုံလာပါမယ်။ ကိုယ့်အတွက်ထက် သူများအတွက် လုပ်ရပါမယ်။ အဲဒါ ပါရမီရှင်တွေ လုပ်တဲ့အလုပ်ပဲ ဖြစ်ပါတယ်။

❑

http://www.dhammadownload.com

# အားကိုးထိုက်အောင် လုပ်ရမယ်

http://www.dhammadownload.com



http://www.dhammadownload.com

# အားကိုးထိုက်အောင် လုပ်ရမယ်

ဘုရားရှင် ကိုယ်တော်မြတ်ကြီး အရဟတ္တမဂ် အရဟတ္တဖိုလ်၊ သဗ္ဗညုတဉာဏ်ကို ရခဲ့ ရောက်ခဲ့ပါတယ်။

ဘာလုပ်ခဲ့လို့ ရောက်တာလဲဆိုရင် ပါရမီဖြည့်ခဲ့လို့ ရောက်တာပါ။

ဘာပါရမီတွေ ဖြည့်ခဲ့တာလဲဆိုတော့ ပါရမီ ဆယ်ပါး၊ အပြား သုံးဆယ်ကို ဖြည့်ခဲ့တာပါ။

အဲသလို ပါရမီဖြည့်တဲ့အခါ ဒါနပါရမီလေး တစ်ခုကို ပြောရင် ပါရမီဖြည့်တဲ့ပုဂ္ဂိုလ်တိုင်းဟာ –

ကရုဏာရှိရမယ်။

သူများ အားကိုးတာကို ခံနိုင်ရမယ်။

ကိုယ့်ရဲ့ အရည်အချင်း၊ ဒါတင်မက ကိုယ့်ကိုယ်ကျိုးကို

http://www.dhammadownload.com



စွန့်ရမယ်။

သူများအတွက် အကျိုးစီးပွားကို ဆောင်ရမယ်။

သူများဆိုတဲ့ နေရာမှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသား အရောင်မရွေး၊ အသက်အရွယ် အပိုင်းအခြားမရွေး အားလုံးအပေါ်မှာ တစ်ပြေးတည်း ထားရမယ်။

လူပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် အားလုံးကို ကရုဏာတရား တစ်ပြေးတည်း ထားရပါမယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကြည်ညိုစရာတွေ အများ ကြီးထဲက အဲဒါလေးကိုပဲ ကြည်ညိုကြည့်စမ်းပါ။

ပါရမီဖြည့်စဉ် ကာလပတ်လုံး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အမြဲတမ်း ကရုဏာနဲ့ ရှိခဲ့ပါတယ်။

ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ အများရဲ့အားကိုးတာကို ခံခဲ့ရတယ်။

ဒီအရည်အချင်းတွေ မရှိဘဲနဲ့ ဘုရားမဖြစ်နိုင်ပါ။

အားလုံးအပေါ် သနားတတ်ရပါတယ်။ သနားတတ်ရုံနဲ့ မပြီးသေးပါ။

ကိုယ့်ကို အားလုံးက အားကိုးစေရပါမယ်။

အားကိုးခံနိုင်တဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ရပါမယ်။

http://www.dhammadownload.com



ပညာရှိတွေ အားကိုးဖို့ ကိုယ်တိုင် သူတို့ထက် ပညာပိုပြီး ရှိရပါ့မယ်။ ပစ္စည်းဥစ္စာ ချမ်းသာတဲ့သူတွေ အားကိုးဖို့ ကိုယ်တိုင် သူတို့တွေထက် ပိုချမ်းသာနေရပါမယ်။

ယဉ်ကျေးတဲ့သူတွေ အားကိုးဖို့အတွက် သူတို့ထက် ပိုပြီး ယဉ်ကျေးရပါမယ်။

သူများထက် သာတဲ့လူမှ သူများက အားကိုးတာပါ။

ဘုရားလောင်းက ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ ဘယ်ဘဝ ရောက်ရောက် သူများထက်သာတယ်။ သူများက အားကိုးစရာဖြစ် အောင်ကို နေခဲ့ပါတယ်။ စိတ်ကောင်းက သူများတွေထက် သာခဲ့တာ ကိုး။ အဲဒီကတည်းက ပါရမီဖြည့်ခဲ့တာပါ။

ပညာတတ်တွေ အားကိုးအောင် ပညာဖြည့်ရပါမယ်။

စီးပွားရေးသမားတွေ အားကိုးအောင် စီးပွားဖြည့်ရပါမယ်။

သူဌေးတွေ အားကိုးအောင် သူဌေးဖြစ်အောင် ဖြည့်ရပါမယ်။

လူယဉ်ကျေးတွေ အားကိုးအောင် ပိုပြီး ယဉ်ကျေးရပါမယ်။

ဘုရားဖြစ်ဖို့ သာမန်ပုဂ္ဂိုလ်တွေ ပါရမီဖြည့်ဖို့လွယ်၊ မလွယ် ဆိုတာ စဉ်းစားကြည့်ရုံနဲ့ သိနိုင်ပါတယ်။

လူတစ်ထောင်မှာ တစ်ယောက်၊

တစ်သောင်းမှာ တစ်ယောက်၊

http://www.dhammadownload.com



တစ်သိန်းမှာ တစ်ယောက်၊

မရေမတွက်နိုင်အောင်များတဲ့ ပုဂ္ဂိုလ်တွေမှာမှ ဘုရားလောင်းဆိုတာ တစ်ပါး တစ်ယောက် ပေါ်တာပါ။ ပါရမီ ဆယ်ပါးကို ဖြည့်နိုင်ရပါတယ်။

❑

http://www.dhammadownload.com

# ကိုယ်ကိုယ်တိုင် ပါရမီရှင်

http://www.dhammadownload.com



http://www.dhammadownload.com

# ကိုယ်ကိုယ်တိုင် ပါရမီရှင်

လိုရာခရီးရောက်ဖို့အတွက် အချက် (၂) ချက်လိုပါတယ်။ အဲဒီအချက် (၂) ချက်ကတော့ ..

(၁) ရဟန္တာဖြစ်အောင် ချက်ချင်းလုပ်၊

(၂) မဖြစ်သေးရင် ပါရမီပြည့်နိုင်မယ့် အလုပ်မျိုးတွေ အကုန်လုံး လုပ်ပါ။

လိုရာခရီးရောက်ဖို့ဆိုရင် ပညာတတ်တွေ ဖြစ်ဖို့ရာအတွက် ချက်ချင်းဖြစ်လို့ မရပါ။

ပညာကို အားရပါးရလေ့လာဆည်းပူးလိုက်စမ်းပါ။ အဲဒါကို ပညာပါရမီဖြည့်တယ်လို့ ခေါ်ပါတယ်။

စီးပွားဖြစ်ချင်ရင်လည်း ချက်ချင်း သူဋ္ဌေးဖြစ်သလား။ မဖြစ်ရင် တဖြည်းဖြည်းချင်း စီးပွားရေးလုပ်ရပါတယ်။

http://www.dhammadownload.com



ဆရာတော်ကြီးဟောတဲ့ နှစ်မျိုးကလွဲလို့ ကျန်တာလုပ်ရင် အကုန်လွဲကုန်မယ်။ ကျန်တာလုပ်ရင် အကုန်ရှုံးကုန်မယ်။ ကျန်တာ လုပ်ရင် အကုန်ရှုပ်ကုန်မယ်။

ပညာပါရမီဖြည့်တဲ့ပုဂ္ဂိုလ်ဟာ ချက်ချင်း ဖြည့်ရင်ဖြည့်၊ မဖြည့်ရင် ပညာအကြောင်းပဲ လုပ်နေရပါမယ်။ ပညာတတ်အောင် လေ့လာနေရပါမယ်။ ပြောဆိုနေရပါမယ်။ စိတ်ကူးနေရပါမယ်။ ပညာနဲ့ ပတ်သက်တာတွေကို လုပ်နေကိုင်နေရပါမယ်။

အဲဒီအလုပ်နှစ်မျိုးကလွဲလို့ ကျန်တာလုပ်လိုက်ရင် ကိုယ့်ဘဝ ပျက်စီးကြောင်း၊ ကျန်တာ လုပ်လိုက်ရင် ကိုယ့်ပါရမီ ပျက်စီးကြောင်း၊ ကျန်တာလုပ်လိုက်ရင် ကိုယ့်လိုရာခရီး မရောက်ကြောင်းဘဲ ဖြစ်မယ်။

ကျောင်းသား၊ ကျောင်းသူတွေနဲ့ တွေ့တဲ့အခါ တစ်ဦးစီ၊ တစ်ဦးစီ ဘယ်ဘာသာ အားနည်းသလဲ။ အားနည်းတာမျိုး သင်ပေး၊ ဆိုဆုံးမပေး၊ အဲဒီလို လုပ်ပေးရပါတယ်။ ပညာပါရမီဖြည့်တာပါ။

ဘာဖြစ်လို့လဲဆိုရင် ပါရမီဖြည့်တာ (၂) မျိုးပဲရှိတယ်။ နိဗ္ဗာန်ရောက်ချင် (၂) မျိုးပဲရှိတယ်။ နိဗ္ဗာန်ရောက်အောင် လုပ်ရင်လုပ်၊ မလုပ်ရင် ပါရမီဖြည့်ရမယ်။

အဲသလို ပါရမီဖြည့်တဲ့အခါမှာ ကိုယ်လုပ်သမျှ အလုပ်တွေ ပါရမီဖြစ်ဖို့၊ ကိုယ်ပြောသမျှ အပြောတွေ ပါရမီဖြစ်ဖို့၊ စိတ်ကူးသမျှတွေ

http://www.dhammadownload.com



ပါရမီဖြစ်ဖို့ လိုပါတယ်။

ပညာတတ်ဖြစ်ချင်ရင် ကိုယ်လုပ်သမျှဟာလည်း ပညာပါရမီဖြစ်ဖို့ လိုပါတယ်။

အဲဒါက လွဲသွားလိုက်တာနဲ့ ပါရမီတွေ ပျက်စီးကုန်ပြီ၊ အဲဒါက လွဲသွားတာနဲ့ လိုရာခရီးလည်း မရောက်နိုင်တော့ပါဘူး။

ယခု အချိန်ထိ ဘာကြောင့် လိုရာခရီးမရောက်သေးတာလဲဆိုတော့ အဲဒီနှစ်မျိုးကလွဲပြီး ကျန်တဲ့ဟာတွေလုပ်နေလို့ပါ၊ ရှုပ်နေလို့ပါ။

ဘုန်းတော်ကြီး မြတ်စွာဘုရား ဖြစ်လာတာဟာ ပါရမီဖြည့်ခဲ့လို့၊ အလုပ်များပေမယ့် အလုပ်မရှုပ်ခဲ့လို့ပါ။

ပါရမီကို သူများ ဖြည့်ပေးလို့ မရပါ။ ကိုယ့်ဘာသာ ကိုယ်ဖြည့်ရပါတယ်။

ပညာတတ်အောင် သူများက ဖြည့်ပေးလို့ မရပါ။ အမေက ဝိုင်းပြီး စာတွေ အော်ကျက်ပေးလည်း မရဘူး။ အဖေက အော်ကျက်ပေးလည်း မရပါဘူး။ ဆရာ၊ ဆရာမတွေက ဘယ်လောက် သင်ပေးပေး သင်ပေးရုံနဲ့ မရပါဘူး။ ကိုယ်ကိုယ်တိုင် ရအောင်ကျက်မှ ရတာပါ။

ဒီအသိဉာဏ်တွေ ကိုယ့်စိတ်ထဲ ပြည့်အောင် လုပ်ရပါမယ်။ ဒီယဉ်ကျေးမှုတွေ ကိုယ့်စိတ်ထဲပြည့်အောင် လုပ်ရပါမယ်။ ဒါကို ပါရမီဖြည့်တယ်လို့ ခေါ်ပါတယ်။

အလင်းသစ်စာပေ

http://www.dhammadownload.com



ပါရမီဖြည့်ချင်ရင် လူမျိုးမရွေး၊ ဘာသာမရွေး စိတ်ကောင်းလေးနဲ့ ကောင်းတဲ့အလုပ်တွေကို လုပ်လိုက်စမ်းပါ။ ကောင်းတဲ့အပြောတွေကို ပြောလိုက်စမ်းပါ။ ကောင်းတဲ့စိတ်ကူးတွေကို စိတ်ကူးလိုက်စမ်းပါ။

ပါရမီရဲ့ အခြေခံ အစ၊ ဒါနပါရမီအခြေခံအစ၊ ဘာနဲ့ ဖြည့်ရမလဲဆိုရင် ကရုဏာနဲ့ ဖြည့်ရမယ်။ ကရုဏာ ဘယ်လောက် အရေးကြီးသလဲဆိုရင် ကရုဏာရှိမှ ပါရမီပြည့်ပါတယ်။

ကရုဏာတင်မက သူများ အားကိုးစရာဖြစ်အောင် လုပ်ရမယ်။ ပါရမီရှင်ကြီးတွေ ဖြစ်ချင်တယ်ဆိုရင် သူများ အားကိုးခံနိုင်အောင် လုပ်ရပါမယ်။

သူများ ဆိုတာက လူအမျိုးမျိုး စိတ်အထွေထွေ၊ ပညာတတ်အသိုင်းအဝိုင်းလည်း ရှိတယ်။ စီးပွားပြည့်စုံတဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ ရာထူးအာဏာရှိတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ လူမျိုးရေးဆောင်ရွက်တဲ့ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။

ဘယ်လောက်၊ ဘယ်လိုပဲရှိရှိ အားလုံးရဲ့ လေးစား၊ အားကိုးခံနိုင်တဲ့လူဖြစ်ဖို့ အရေးကြီးပါတယ်။

အဲသလိုမျိုး အားကိုးခံနိုင်တဲ့ ပုဂ္ဂိုလ်မျိုးဖြစ်ဖို့ လိုပါတယ်။

(၁) ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း ရှိရပါမယ်။

http://www.dhammadownload.com



(၂) ကိုယ့်ကို သူများကလည်း ယုံကြည်မှု ရှိရပါမယ်။

(၃) ကိုယ့်ထက်သာတဲ့ လူကိုလည်း သာတယ်လို့ ယုံကြည်မှု ရှိရပါမယ်။

တစ်ဘဝလုံး အတွက်သာမက တစ်သံသရာလုံးအတွက်ပါ မှတ်ထားရမယ်။ ကိုယ်တစ်ယောက်တည်းအတွက် မဟုတ်ပါဘူး။ ကိုယ့်မိသားစုအတွက်ပါ ပြောပြနိုင်ရမယ်။

ဒါကြောင့် သူများရဲ့ အားကိုးခံနိုင်ရအောင်-

(၁) ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါ။

(၂) သူများတွေက ကိုယ့်ကို ယုံကြည်အောင်လုပ်ပါ။

(၃) ကိုယ့်ထက်သာတဲ့ လူတွေကို ယုံကြည်ပါ။

သားသမီးဆိုရင် မိဘ ယုံကြည်အောင် နေလိုက်စမ်းပါ။

ညီအစ်ကို မောင်နှမတွေဆိုရင် အချင်းချင်း ယုံကြည်အောင် နေလိုက်စမ်းပါ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်ရုံနဲ့ မပြီးပါဘူး။ သူများရဲ့ ယုံကြည်မှုကိုလည်း ခံနိုင်ရမယ်။ ကိုယ့်ထက်သာတဲ့ သူကိုလည်း ယုံကြည်ရပါမယ်။

အဲဒီ ပုဂ္ဂိုလ်မျိုးဟာ သူများ အားကိုးစရာဖြစ်တယ်။ အားကိုးစရာ ဖြစ်မှသာ ပါရမီဖြည့်လို့ ရပါတယ်။

http://www.dhammadownload.com



အလုံးစုံသော သတ္တဝါတို့ရဲ့ အကျိုးငှာ မိမိတို့ ဆောင်ရွက်ပေးရင် ပါရမီဖြည့်တယ်လို့ခေါ်တယ်။

ဒီနေရာမှာ အကျိုးစီးပွားလို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် အကျိုးလည်းရှိတယ်၊ စီးပွားလည်း ဖြစ်တယ်၊ ချမ်းသာသုခလည်း ရပါတယ်။

သူများတွေအတွက် အကျိုးရှိအောင်လည်း လုပ်ပေးရတယ်။ စီးပွားဆိုတာက အဲဒီ ရသွားတဲ့ အကျိုး၊ ဒါပဲရတယ်။ နောက်ထပ် မတိုးရင် စီးပွား မဟုတ်ပါ။ ကိုယ်ဆောင်ရွက်ပေးလိုက်လို့ အကျိုးရသွားရင် အဲဒီ အကျိုးလေးဟာ ထပ်ခါထပ်ခါ တိုးသွားတယ်။

အဲဒီ အကျိုးတွေ တိုးသွားတာကို စီးပွားလို့ခေါ်တယ်။ အဲဒီ တိုးသွားတဲ့စီးပွား အကြောင်းပြုပြီး ချမ်းသာရင် လူ့နတ်၊ ဗြဟ္မာ သတ္တဝါတို့ အကျိုးငှာ၊ စီးပွားအလို့ငှာ၊ ချမ်းသာအလို့ငှာ မိမိတို့ ဆောင်ရွက်ပေးရင် ပါရမီဖြည့်တယ်လို့ ခေါ်ပါတယ်။

ဒါကြောင့် အိမ်တိုင်း အိမ်တိုင်းမှာ အကျိုးရှိအောင်နေရင် ဘယ်လောက် ကောင်းလိုက်မလဲ။ စီးပွားဖြစ်အောင်နေရင် ဘယ်လောက် ကောင်းလိုက်မလဲ။ ချမ်းသာအောင်နေရင် ဘယ်လောက် ကောင်းလိုက်မလဲ။

အိမ်တိုင်း အိမ်တိုင်းက မိသားစုတိုင်းမှာ ပါရမီရှင် တစ်ယောက်

http://www.dhammadownload.com



လောက်ပါရင် မကောင်းဘူးလား။ အကျိုးရှိ၊ စီးပွားဖြစ်၊ ချမ်းသာဖို့ရာ ဆိုတာ ပါရမီရှင် လိုပါတယ်။ အိမ်တိုင်း အိမ်တိုင်းမှာ ပါရမီရှင်ရှိရင် မကောင်းဘူးလား။ သူများပါရမီရှင်ရှိတာ ကောင်းသလား။ ကိုယ် ကိုယ်တိုင် ပါရမီရှင် လုပ်မှာလား။ ကိုယ်တိုင် ပါရမီရှင် လုပ်ရပါမယ်။

သူများတွေကို၊ ပါရမီရှင်တွေကို အားကျနေမယ့်အစား ကိုယ်ကိုယ်တိုင် ပါရမီရှင် ဖြစ်အောင်လုပ်လို့ မရဘူးလား။

ပါရမီရှင် ဖြစ်အောင် ဘာအရင်းအနှီးလိုလဲဆိုတော့ သနား တတ်ရပါမယ်။ ကိုယ်ကိုယ်တိုင် စွမ်းဆောင်၊ အရည်အချင်းတွေ ပြည့်အောင် လုပ်ရပါမယ်။

အဲဒီလို ဆောင်ရွက်နိုင်တာကို ပါရမီရှင်လို့ ခေါ်ပါတယ်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမှာ ဘုရားဖြစ်ခါနီးဘဝ ခဏထား၊ ဟိုး .... အစကတည်းက သတ္တဝါတွေ အပေါ်မှာ သနားကရုဏာ ထားခဲ့ပါတယ်။ စွမ်းနိုင်တာလည်းပါတယ်။ စွမ်းနိုင်မှ သူများ အားကိုးမှာပါ။

အိမ်တိုင်း အိမ်တိုင်းမှာ သူများအပေါ် သနားတတ်သူရှိရင်၊ သနားတတ်ရုံတင်မက အားလုံးက အားကိုးထိုက်တဲ့၊ စွမ်းနိုင်တဲ့လူရှိ ရင် အိမ်တိုင်း ချမ်းသာပါမယ်။ ရပ်ကွက်တိုင်း ချမ်းသာပါမယ်။

အို ... သူတော်ကောင်း အပေါင်းတို့။ နေရာတိုင်းမှာ

http://www.dhammadownload.com



ဘယ်သူတွေပေါ်ဖို့ အရေးကြီးသလဲဆိုရင် ပါရမီရှင်တွေ ပေါ်ဖို့ အရေးကြီးပါတယ်။

ပါရမီရှင် ဆိုတဲ့အတိုင်း သူလိုချင်တဲ့နေရာ ရောက်အောင် သွားတယ်။ ပါရမီရှင်တွေကို အကြောင်းပြုပြီးတော့ ကျန်တဲ့ ပုဂ္ဂိုလ်တွေလည်း ကိုယ်သွားလိုတဲ့နေရာ ရောက်အောင် သွားရပါမယ်။ လိုရာခရီးကို ရောက်အောင် သွားဖို့ပါ။

အချုပ်အားဖြင့် လိုရာခရီးကိုရောက်ဖို့ ပါရမီဖြည့်ရပါမယ်။ ပါရမီဖြည့်ဖို့ ဘယ်နှမျိုးလိုလဲဆိုရင် နှစ်မျိုး လိုပါတယ်။

သနားလည်း သနားတတ်ရပါမယ်။

သူများ အားကိုးအောင်လည်း နေတတ်ရပါမယ်။

ဖြစ်အောင် ကျင့်ရန် မခက်ပါ။ ဗုဒ္ဓဘာသာဝင်များတင် ကျင့်နိုင်တာလားဆိုတော့ မဟုတ်ပါ။ အခြား ဘာသာဝင်တွေလည်း ကျင့်နိုင်ပါတယ်။

ဒီနှစ်မျိုးကတော့ လွယ်ပါတယ်။ သူများလည်း သနား၊ ကိုယ့်အရည်အချင်းကိုလည်း ဖြည့်ပါ။ အဲဒါနဲ့ပဲ ဘုရားဖြစ်လာတာပါ။ ပါရမီ ပြည့်လာတာပါ။ လိုရာခရီးရောက်လာတာပါ။

နိဗ္ဗာန်ရောက်ချင်ရင် နှစ်မျိုး ကျင့်ရပါမယ်။ အခုရောက်အောင် လုပ်ရင်လုပ်၊ မလုပ်ရင် ဖြည်းဖြည်းလုပ်ပါ။ ပါရမီဖြည့်တယ်ဆို

http://www.dhammadownload.com



တာ ဖြည်းဖြည်းချင်း လုပ်တာပါ။

သူဌေးဖြစ်ချင်ရင်လည်း နှစ်မျိုးကျင့်ရပါမယ်။ အခုဖြစ်အောင် လုပ်ရင်လုပ်၊ မလုပ်ရင် ဖြည်းဖြည်းချင်းရောက်အောင် လုပ်ရပါမယ်။

ပညာတတ်ဖြစ်အောင်လည်း နှစ်မျိုးပဲ လုပ်ရပါမယ်။ အခု ပညာတတ်ဖြစ်အောင် လုပ်ရင်လုပ်၊ မလုပ်ရင် ဖြည်းဖြည်းချင်း ဖြစ်အောင် လုပ်ရပါမယ်။ တကယ် ခု ချက်ချင်း ပညာတတ်ဖြစ်အောင် လုပ်လို့ မရပါဘူး။

ဒါကြောင့်မို့ ကိုယ်လုပ်သမျှ၊ ကိုယ်ကြံစည်သမျှတွေဟာ ပါရမီဖြစ်အောင် လုပ်ပါ။ ပါရမီဖြစ်ဖို့ဆိုရင် သနားတတ်တဲ့ စိတ်ရယ်၊ ကိုယ့်အရည်အချင်း ကိုယ်ဖြည့်ဖို့ရယ် လိုပါတယ်။

လူတိုင်း လူတိုင်းမှာ ဒီလို ဖြည့်နိုင်ရင် ဘယ်လောက်ကောင်း လိုက်ပါ့မလဲ။

(၁) ကိုယ့်ကိုယ်ကိုယ် ယုံကြည်ဖို့ဆိုတာ ကိုယ် သီလရှိမှ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါတယ်။ သီလဖြည့်ပါ၊ သီလရှိပါ။

(၂) သူများတွေက ကိုယ့်ကို ယုံကြည်အောင်လုပ်ဖို့ဆိုတာ ကိုယ်က နေတတ်ထိုင်တတ်ဖို့၊ စိတ်ထားကောင်းဖို့ တည်ကြည်တဲ့စိတ် ရှိရပါမယ်။ သမာဓိရှိရပါမယ်။ ကိုယ်သမာဓိရှိမှ သူများက ကိုယ့်ကို ယုံပါတယ်။

http://www.dhammadownload.com



(၃) ကိုယ့်ထက် သာတဲ့လူ၊ ယုံကြည်ထိုက်တဲ့သူတွေကို ယုံဖို့ဆိုတာ ကိုယ်တိုင် အသိဉာဏ်ပညာရှိမှ ဖြစ်နိုင်ပါတယ်။ ပညာရှိပါ၊ သီလ, သမာဓိ, ပညာ တရားအစစ်တွေ ပြည့်အောင် ဖြည့်တာဟာ ပါရမီဖြည့်တာ အစစ်ပါ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာ၊ တရားစစ်ကို တကယ် ကြည်ညိုတယ်ဆိုရင် အဲဒီ သီလ၊ သမာဓိ၊ ပညာ၊ အဲဒီ တရားစစ်တွေကို ကိုယ်တိုင် ဖြည့်ရပါမယ်။

တစ်နေ့ပြောင်းရင် စိတ်ကောင်းလေးနဲ့ သနားတတ်ပြီးတော့ ကိုယ့်ကိုယ်ကိုယ် လူတိုင်း အားကိုးလောက်တဲ့ အရည်အချင်းရှိအောင် ဖြည့်ဆည်းနိုင်သ၍ ကိုယ်ကိုယ်တိုင် ပါရမီရှင်ဖြစ်၊ ကိုယ်ကိုယ်တိုင် နိဗ္ဗာန်တစ်ဖက်ကမ်းကို လိုရာမှန်း ရောက်နိုင်ရမယ်။

ပြီးရင် ကိုယ့်လိုပဲ ကျန်တဲ့လူတွေကို ရောက်အောင် ဆွဲဆောင်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ပြီး **လိုရာခရီးရောက်ဖို့** ဆိုတဲ့အတိုင်း နိဗ္ဗာန်တိုင်ထိအောင် ကောင်းကျိုးချမ်းသာတွေ ခံစား၊ စံစားပြီး ရနိုင်ရောက်နိုင် မျက်မှောက်ပြုနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ။

***မေ့ဒုတ ဒေါက်တာအရှင်ဆေကိန္ဒ***

❑

http://www.dhammadownload.com



## ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

၁၉၅၈ – ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ အင်္ဂါနေ့၊ (၁၃၁၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်) ၌ ခမည်းတော် ဦးအောင်သန်း+မယ်တော် ဒေါ်စိန်ကြည်တို့က စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ အလောင်းအလျာကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

၁၉၇၅ – ခုနှစ်၌ စစ်ကိုင်းမြို့၊ အမှတ် (၁) အထက်တန်းကျောင်းမှ (၁၀) တန်းကို အောင်မြင်ခဲ့သည်။

၁၉၇၉ – ခုနှစ်၌ မန္တလေးမြို့၊ စက်မှုလက်မှုသိပ္ပံ၏ A.G.T.I (Civil)မြို့ပြ အင်ဂျင်နီယာ ဒီပလိုမာဘွဲ့ကို ရရှိ

http://www.dhammadownload.com



အောင်မြင်ခဲ့ပါသည်။

၁၉၈၃ – ခုနှစ် (၁၃၄၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက် ညနေ ၅ နာရီ ၁၅ မိနစ်အချိန်)၌ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရ ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရှင်ရဟန်းအဖြစ် ခံယူခဲ့ပါသည်။

– အရှင်မြတ်သည် တောင်စွန်း ဓမ္မဒူတ တောရ ကျောင်းတိုက်ကြီး၌ပင် ပရိယတ္တိစာပေတို့ကို မူလ တန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမ ကြီးတန်းတို့ကို နှစ်ချင်းပေါက် အောင်မြင်တော်မူ ခဲ့သည်။

၁၉၈၅ – ခုနှစ်၌ အခြေပြုမူလတန်း အောင်မြင်တော်မူခဲ့သည်။

၁၉၈၆ – ခုနှစ်၌ ပထမငယ်တန်း အောင်မြင်တော်မူခဲ့သည်။

၁၉၈၇ – ခုနှစ်၌ပထမလတ်တန်း အောင်မြင်တော်မူခဲ့သည်။

၁၉၈၈ – ခုနှစ်၌ ပထမကြီးတန်း အောင်မြင်တော်မူခဲ့သည်။

၁၉၉၃ – ခုနှစ်၌ စာချတန်းတွင် ကျမ်းရင်းသုံးကျမ်းစလုံးကို တစ်နှစ်တည်းဖြင့်ပင် အောင်မြင်တော်မူခဲ့၍ အစိုးရ သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်ကို ရရှိတော်မူ

http://www.dhammadownload.com



ခဲ့ပါသည်။ သဒ္ဓမ္မနေပုည ဓမ္မာစရိယဘွဲ့နှင့် သာသနဓဇတိပါလဓမ္မာစရိယဘွဲ့တို့ကိုလည်း ရရှိတော်မူခဲ့ပြန်ပါသည်။

– ပရိယတ္တိစာပေများကို တောင်ဇွန်း ဓမ္မဒူတတောရ၊ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေးမြို့ မစိုးရိမ်တိုက်၊ စစ်ကိုင်းမြို့ ဓေယသိန် ပါဠိတက္ကသိုလ်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ စာသင်တိုက် စသော ကျောင်းတိုက်တို့ရှိ ဆရာမြတ်တို့၏ အထံတော်မှာ နည်းနာခံယူ သင်ယူခဲ့ပါသည်။

၁၉၉၈ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်တွင် နည်းပြအဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

၂၀၀၀ – ခုနှစ်၌ လက်ထောက်ကထိက။

၂၀၀၂ – ခုနှစ်၌ ဓမ္မကထိက ဗဟုဓေဟိတရေဘွဲ့။

၂၀၀၃ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ် ကထိကတာဝန် ထမ်းဆောင်တော်မူခဲ့သည်။

၂၀၀၄ – ခုနှစ်၌ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ကို ရရှိတော်မူခဲ့ပြန်ပါသည်။

http://www.dhammadownload.com



၂၀၀၅ – ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်မှ M.A (BDh) ဘွဲ့ကို ရရှိခဲ့ပြီး ဤတက္ကသိုလ်၌ပင် တွဲဖက်ပါမောက္ခအဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်တော်မူခဲ့ပါသည်။

၂၀၀၆၊၂၀၀၇– ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ တက္ကသိုလ်မှ Ph.D (BDh) ရရှိတော်မူသည်။

– ဤတက္ကသိုလ်၌ပင် ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်တော်မူခဲ့ပါသည်။

– အရှင်မြတ်သည် ဓမ္မဒူတနာယကအဖွဲ့ဝင်၊ မှော်ဘီမြို့နယ် သံဃနာယကအဖွဲ့ဝင်၊ ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋ္ဌာနပတ္တမဟာဌာန မဟာဌာနမှူး (ဝိပဿနာ) ပါမောက္ခ ဆရာတော်စသော တာဝန်တို့နှင့် ကျမ်းစာရေးသားခြင်း၊ စာပေပို့ချခြင်း၊ တရားဟောပြောခြင်း၊ တရားပြသခြင်း၊ ဘာသာရေး၊ သာသနာရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခြင်း စသည်

http://www.dhammadownload.com



တို့ကို ဆောင်ရွက်တော်မူလျက်ရှိသည်။


- အထူးအားဖြင့် ပြည်တွင်း၊ ပြည်ပတို့၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ရင်သွေးငယ် လူငယ်လူရွယ်တို့ကို တရားဟောခြင်း၊ တရားပြခြင်း၊ ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ခြင်း၊ လူငယ်တို့၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသော အသိပညာတို့ကို ဗုဒ္ဓတရားတော်နှင့်အညီ ဆွေးနွေး ဖြေဆိုခြင်းများ ဆောင်ရွက်ပေးပါသည်။

❑

http://www.dhammadownload.com

# ဒေါက်တာအရှင်သေကိန္ဒ

## ဘွဲ့ရာနောက်လိုက်နေကြတယ်



သဒ္ဓါရှိတဲ့စိတ်က လှူတယ်၊
တဏှာရှိတဲ့စိတ်က ယူတယ်၊

မိမိစိတ်ကလေးက မကောင်းရင်
လုပ်သမျှလည်း မကောင်းဘူး။
ပြောသမျှလည်း မကောင်းဘူး။
ကြံစည်သမျှလည်း မကောင်းပါဘူး။

ထွက်ပြီ

http://www.dhammadownload.com

## အလင်းသစ်စာပေမှ ထုတ်ဝေပြီးသောစာအုပ်များ

| | | |
|---|---|---|
| ၂၁။ | သုံးပွင့်ဆိုင်အချစ်စစ်ပွဲ (ချားလ်စ်၊ ဒိုင်ယာနာနှင့်ကမီလာ) | ရွှေကူမေနှင်း |
| ၂၂။ | တရွေ့ရွေ့ထစ်ချုန်းနေတဲ့မိုးတိမ်နှင့်ဝတ္ထုတိုစုစည်းမှု | မိချမ်းဝေ |
| ၂၃။ | ဖောက်သည်များနှင့်ကခုန်ခြင်း | အောင်မောင်း |
| ၂၄။ | မောင်ငယ်ငယ်ကခရေဦးနှင့်ရသစာတမ်းများ | မောင်ရင့်မာ(ကျောင်းကုန်း) |
| ၂၅။ | သုတရိပ်မြုံစာရဂုံ | မောင်မောင်ညွှန့်(မန်းတက္ကသိုလ်) |
| ၂၆။ | အမှောင်မှသည်အလင်းဆီသို့ | မင်းနန်(မော်ကျွန်း) |
| ၂၇။ | မဟာဂီတခြေရာကောက် | မောင်သန်းဆွေ(ထားဝယ်) |
| ၂၈။ | အလင်းသစ်အရာရှိငယ်ဝင်ခွင့်လမ်းညွှန် | အလင်းသစ်စာတည်းအဖွဲ့ |
| ၂၉။ | ယုံကြည်မှုတည်ဆောက်ခြင်း | ရွှေကူမေနှင်း |
| ၃၀။ | ဆီးချိုရောဂါကျန်းမာရေးစကားဝိုင်းနှင့်ရောဂါကုထုံး | မြေလတ်မောင်မြင့်သူ |
| ၃၁။ | ရှုလာနဖာဂယက်နှင့်နောက်ဆက်တွဲဆေးနည်းများ | ဦးစည်သူ(သုခချမ်းသာ) |
| ၃၂။ | သင်္ဂါယနာသုံးတန် | ဝဏ္ဏသိရိ |
| ၃၃။ | ဓမ္မလမ်းညွှန်စာစုမွန် | မင်းနန်(မော်ကျွန်း) |
| ၃၄။ | ငွေရေးကြေးရေး | ပါမောက္ခ မြတ်သိန်း |
| ၃၅။ | လိုက်ဖ်စတိုင်အပြောင်းအလဲဆောင်းပါးများ | မောင်ကိုကို(အမရပူရ) |
| ၃၆။ | မီဒီယာလောက | ရွှေကူမေနှင်း |
| ၃၇။ | စက္ကန့်မလပ်သတိကပ် | ကျော်နန္ဒအောင် |
| ၃၈။ | အလင်းသစ်ရွေးသီရာဝတ္ထုတိုများ ၂၀၀၈ | ကလောင်စုံ |
| ၃၉။ | တောကျောင်းဆရာနှင့် ဆရာဘ၀ | လင်းထင် |

http://www.dhammadownload.com

| | | |
|---|---|---|
| | ဝတ္ထုတိုများ | |
| ၄၀။ | မပြောကောင်း မဆိုကောင်း (ကယ်လီဖိုးနီးယားမိုနီလော့ဂ်များ) | ဂျက်ကွမ်းခြံကုန်း |
| ၄၁။ | အရည်းကြီးဝါဒနှင့် ရှင်အရဟံသာသနာ | ဝင့်ထယ် |
| ၄၂။ | သမီးယောဂီသို့ ... | ကျော်နန္ဒအောင် |
| ၄၃။ | အရင်းရှင်စနစ်၏အနာဂတ်နှင့် ကမ္ဘာ့ရေးရေး | မောင်ဝံသ |
| ၄၄။ | အင်္ဂလိပ်လို ပြောရအောင် | ရွှေကူမေနှင်း |
| ၄၅။ | ထီးအငွေ့ နန်းအငွေ့ | မောင်သန်းဆွေ(ထားဝယ်) |
| ၄၆။ | ပဋ္ဌာန်းကျင့်စဉ် | အရှင်ကုမာရ (ပန်းတနော်) |
| ၄၇။ | ဘဝခြားနေသော ဆွေမျိုးများ | ဝဏ္ဏသိရိ |
| ၄၈။ | အထက်တန်းစားဗုဒ္ဓဘာသာဝင် | မင်းနန်း (မော်ကျွန်း) |
| ၄၉။ | စိတ္တပေန်းချီ | ခင်ဝမ်း |
| ၅၀။ | ငါတို့ခေတ်ကတက္ကသိုလ် | ရွှေကူမေနှင်း |
| ၅၁။ | သားကိုရင်သို့ | ကျော်နန္ဒအောင် |
| ၅၂။ | လူ့ကျင့်ဝတ် | ရွှေဟင်္သာတောရဆရာတော် |
| ၅၃။ | ဟာတ်တိုင်းမှန်ရာဆုံးဖြတ်လွှာ | ရွှေဟင်္သာတောရဆရာတော် |
| ၅၄။ | ဆွဲရာနောက်လိုက်နေကြတယ် | ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ |
| ၅၅။ | Clinical Examination | ဒေါက်တာနေသိဟ |
| ၅၆။ | Stylistic Transforms | ဒေါ်ခင်စိုးအေး (M.A English) |

**ယခု**

| | | |
|---|---|---|
| ၅၇။ | လိုရာခရီးရောက်ဖို့ | ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ |

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

| | | |
|---|---|---|
| ၅၈။ | အရှုံးထဲကအမြတ် | ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ |
| ၅၉။ | အလင်းသစ်ရွှေသီရာဝတ္ထုတိုများ ၂၀၀၉ | ကလောင်စုံ |

http://www.dhammadownload.com

http://www.dhammadownload.com